ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

**ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း**

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၃၀)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်-

| **စဉ်** | **ရာထူး/လစာနှုန်း** | **ရာထူးနေရာ** | **အနိမ့်ဆုံးပညာအရည်အချင်း** |
|---|---|---|---|
| (က) | အငယ်တန်းစာရေး<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ( ၅ )နေရာ | ဘွဲ့တစ်ခုခုရရှိသူ |
| (ခ ) | စာရင်းကိုင်(၄)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ( ၃ )နေရာ | ဘွဲ့တစ်ခုခုရရှိသူ |
| (ဂ ) | ကျွမ်းကျင်(၄)(ကျောက်ရွေး)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ( ၄ )နေရာ | သိပ္ပံဘွဲ့<br>(ဘူမိဗေဒ) |
| (ဃ) | ဒု-လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ( ၃ )နေရာ | ဘွဲ့တစ်ခုခုရရှိသူ |
| (င ) | ကျွမ်းကျင်(၅)(ကျောက်စိမ်း)<br>(၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ( ၅ )နေရာ | အခြေခံပညာ<br>အထက်တန်းအောင် |
| (စ ) | ယာဉ်မောင်းစက်ပြင်(၅)<br>(၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ( ၃ )နေရာ | အခြေခံပညာ<br>အလယ်တန်းအဆင့် |
| (ဆ ) | လုပ်သား(စိုက်ပျိုးရေး)<br>(၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ( ၃ )နေရာ | မြန်မာစာ<br>(ရေးတတ်/ဖတ်တတ်) |
| (ဇ ) | သန့်ရှင်းရေးအကူ<br>(၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၄)နေရာ | မြန်မာစာ<br>(ရေးတတ်/ဖတ်တတ်) |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) ၂၀၂၆ခုနှစ်၊စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊လက်ရှိဌာန၏ ခွင့်ပြုချက်မူရင်းပါရှိရမည်။ **ပြည်သူ့စစ်မှုထမ်းတာဝန်ကိုကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂)ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဌာနမှသတ်မှတ်အသက်ထက်(၃)နှစ်တိုးမြှင့်၍ လက်ခံပေးသွားမည်ဖြစ်ပါသည်၊**

( ဂ ) စာပိုဒ်(၁)(ခ)နှင့်(ဃ)ပါ ရာထူးနေရာများအတွက် ဘာသာရပ်ဆိုင်ရာ ဘွဲ့ရရှိသူများနှင့် ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူများကို ဦးစားပေးမည်၊

(ဃ) စာပိုဒ်(၁)(စ)ပါ ရာထူးနေရာများအတွက် ယာဉ်မောင်းလိုင်စင်(ခ)အဆင့် အတွေ့အကြုံရှိသူဖြစ်ပြီး ယာဉ်ကြီးယာဉ်ငယ်များကို ကျွမ်းကျင်စွာမောင်းနိုင်သူဖြစ်ရမည်၊

( င ) စာပိုဒ်(၁)(ဆ)ပါ ရာထူးနေရာအတွက် စိုက်ပျိုးရေးလုပ်ကိုင်နိုင်သူများ၊(ဇ)ပါ ရာထူးနေရာအတွက် သန့်ရှင်းရေးလုပ်နိုင်သူများကို ဦးစားပေးမည်၊ အမျိုးသားများကို အသက်ကန့်သတ်ချက်အား ဖြေလျှော့ပေးမည်၊

( စ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

(ဆ) ဌာနတွင် အနည်းဆုံးလုပ်သက်တစ်ဆက်တည်း (၃)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်၊ ရွေးချယ်ခန့်အပ်ခြင်းခံရပါက နေရာဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်ရမည်၊

(ဇ) အခြားဝန်ထမ်းအဖွဲ့အစည်းများမှလျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူး၏ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်၊

(ဈ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း(Removal)ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်ထားသူများသည် မိမိလျှောက်ထားလိုသည့်ရာထူးနှင့် သက်ဆိုင်သည့် အောက်ဖော်ပြပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-

(က ) အမည်၊

( ခ ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊

( ဂ ) မွေးသက္ကရာဇ်၊ အသက်၊

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊

( င ) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း၊ တက္ကသိုလ်၊

( စ ) လျှောက်ထားလိုသည့်ရာထူး၊

(ဆ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့်၎င်းတို့၏အလုပ်အကိုင်၊

( ဇ ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန၊

( ဈ ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်၊

(ည) ဆက်သွယ်ရန်နေရပ်လိပ်စာအပြည့်အစုံ ၊ ဖုန်းနံပါတ်နှင့်E-mail ။

၄။ လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာရာထူးအလိုက် လိုအပ်သည့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊

(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ အခြေခံပညာမူ/လယ်/ထက် ပြီးစီးကြောင်းထောက်ခံချက်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊

( ဂ ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊

(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်းရယူထားသည့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းနှင့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း၊

( င ) သက်ဆိုင်ရာရဲစခန်းမှ(၁)လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊

( စ ) အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊

(ဆ) (၁)လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ် ကာလာဓာတ်ပုံ(၃)ပုံ (ဓာတ်ပုံနောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)၊

(ဇ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံရှိပါက ခိုင်လုံသောအထောက် အထားမိတ္တူများ၊

(ဈ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ(၁)လအတွင်းရယူထားသော ကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း၊

(ည) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ် ရေးထိုးရန်)။

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း Website ဖြစ်သည့် www.mge.gov.mm တွင် ရယူနိုင်ပြီး လျှောက်လွှာများကို **“ဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ရာဇသင်္ဂဟလမ်း၊သပြေကုန်းအဝိုင်းအနီး၊နေပြည်တော်”**ဟု လိပ်မူ၍ လူကိုယ်တိုင်(သို့မဟုတ်) အမြန်ချောပို့ (သို့မဟုတ်) mgehrnpt@gmail.comသို့ ၁-၁၂-၂၀၂၆ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထားပေးပို့လျှောက်ထားရပါမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ(၁)စုံအား သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ခွင့်ပြုချက်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးပို့လျှောက်ထားရမည်။

၇။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Websiteဖြစ်သည့် www.mge.gov.mmနှင့် ဌာနကြော်ငြာသင်ပုန်းတွင် ကြေညာပေးထားမည်ဖြစ်သည်။

၈။ စာပိုဒ်(၁)(က)မှ (ဃ)အထိ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ် မေးခွန်းများကို ၂၀-၁၂-၂၀၂၆ ရက်နေ့ နံနက်(၁၀း၀၀) နာရီမှ နေ့လယ်(၁၄း၃၀)နာရီထိ ရေးဖြေစာမေးပွဲ စစ်ဆေးမည်ဖြစ်ပြီး၊ ရေးဖြေစာမေးပွဲ အောင်မြင်သူကိုသာ လူတွေ့စစ်ဆေးမှုပြုလုပ်မည်ဖြစ်ပါသည်။

၉။ စာပိုဒ်(င)မှ(ဇ)အထိ လျှောက်ထားသူများသည် ၂၃-၁၂-၂၀၂၆ ရက်နေ့ နံနက်(၁၀း၀၀) နာရီမှ နေ့လယ်(၁၄း၃၀)နာရီထိ လူတွေ့စစ်ဆေးမှုပြုလုပ်မည်ဖြစ်ပါသည်။

၁၀။ ဖြေဆိုခွင့်ကတ်ပြားများကို ၃-၁၂-၂၀၂၆ ရက်နေ့၌ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊စီမံဌာနတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

၁၁။ သတ်မှတ်ရက်ထက် နောက်ကျမှရောက်လာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ၊ အထောက်အထား မပြည့်စုံသော လျှောက်လွှာများ၊ မှားယွင်းဖြည့်သွင်းထားသော လျှောက်လွှာများအား ပယ်ဖျက်ပါမည်။

၁၂။ ရေးဖြေစာမေးပွဲဖြေဆိုရာတွင် နိုင်ငံသားစိစစ်ရေးကတ်မူရင်း ၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း)များ ပါရှိရမည်ဖြစ်ပြီး၊ မပါရှိပါက စာမေးပွဲ ဖြေဆိုခွင့်ရမည်မဟုတ်ပါ။

၁၃။ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ် ၀၉-၅၀၄၆၇၈၅၊ ၀၉-၄၃၀၁၁၅၈၈၀၊ ၀၉-၂၅၄၂၃၀၃၀၁၊ ၀၉-၄၀၁၅၅၀၄၉၇ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**